Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (009/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၀၉/၂၀၁၀)

၂၀၁၀ ခုနှစ်၊ မတ် (၂၁) ရက်နေ့မှ မတ်လ (၂၇) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- နေပြည်တော် ကာကွယ်ရေးဌာန လက်အောက်ရှိ စစ်တိုင်းအသီးသီးမှ တတိယတန်းစား စစ်ဘက်ရာထူးများ ဖြစ်သော ဗိုလ်မှူးကြီး၊ ဒု–ဗိုလ်မှူးကြီးနှင့် ဗိုလ်မှူးအဆင့်ရှိ အရာရှိ ၂၀၀ ခန့်အပါအဝင် ဝန်ကြီးဌာနလက်အောက်ရှိ အရပ်ဘက်ဝန်ထမ်းအရာရှိ ၃၀၀ ခန့်ကို မတ်လလယ်ပိုင်းက ရာထူးပြောင်းရွှေ့ခဲ့ကြောင်း စစ်ဘက်သတင်းရပ်ကွက်များကဆိုသည်။ **(S.H.A.N 220310)** Read More...
- မန္တလေးတိုင်းရှိ အထင်ကရသျှမ်းလူမျိုး ရပ်မိရပ်ဖများအား လာမည့်ရွေးကောက်ပွဲ၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံကြရန် နအဖ အမှတ် (၁) စက်မှုဝန်ကြီး ဦးအောင်သောင်းက သွားရောက်မဲဆွယ်စည်းရုံးခဲ့သည်ဟု မန္တလေးရောက် သျှမ်းအမျိုးသားတစ်ဦးက ပြောသည်။ **(S.H.A.N 250310)** Read More...
- “နိုင်ငံရေးပါတီများ မှတ်ပုံတင်ပြီးတော့ ရွေးကောက်ပွဲ ဝင်ပြိုင်ကြမည့် ကိုယ်စားလှယ်များသည် စည်းရုံးမဲဆွယ်ရန် အချိန် (၆) လလောက်ရမှာပါ၊ ရွေးကောက်ပွဲကိုတော့ အောက်တိုဘာနောက်ဆုံးအပတ် ဒါမှမဟုတ် နိုဝင်ဘာလဆန်းပိုင်းလောက်မှာ လုပ်ပါလိမ့်မည်” ဟု အမည်မဖော်လိုသူ စစ်အရာရှိတစ်ဦးကို ကိုးကား၍ ယနေ့ထုတ် **AFP** သတင်းဌာနက ဖော်ပြထားသည်။ **(Mizzima 270310)** Read More...
- နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် ၆၅ ကြိမ်မြောက် တပ်မတော်နေ့အခမ်းအနားမိန့်ခွန်းတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ရွေးကောက်ပွဲ၌ ပါတီများအနေဖြင့် မလျော်ကန်သည့် မဲဆွယ်မှုမျိုးကို ရှောင်ရှားရန် ပြောဆိုချက်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနများက ထုတ်လွှင့်ခဲ့သည်။ **(Irrawaddy 270310)** Read More...
- မှတ်ပုံတင်ပြီးသော နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပုံနှိပ်ထုတ်ဝေမည့် စာရွက်စာတမ်းများအတွက် စာပေစီစစ်ရေးနှင့် မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်ရန် ကန့်သတ်ချက်များနှင့်တကွ ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်။ **(Irrawaddy 270310)** Read More...
- ရွေးကောက်ပွဲဝင်ရောက်ရေးအတွက် များစွာခက်ခဲစေသော ပြင်းထန်သည့် ရွေးကောက်ပွဲဥပဒေများကို စစ်အစိုးရက ထုတ်ပြန်ခဲ့ပြီးနောက် နိုင်ငံရေးပါတီများအနေဖြင့် လက်ကမ်းစာစောင်များ၊ စာအုပ်များ (သို့) ရွေးကောက်ပွဲဆိုင်ရာ စာပေရေးရာကိစ္စများနှင့် ပတ်သက်၍ စည်းမျဉ်းဥပဒေ ထုတ်ပြန်ခဲ့သည်။ **(Mizzima 260310)** Read More...



Created with nitro PDF professional
download the free trial online at nitropdf.com/professional

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- "ဒေါ်အောင်ဆန်းစုကြည်ကြောင့် ၁၉၉၀ ရွေးကောက်ပွဲတွင် **NLD** အနိုင်ရခဲ့ခြင်းဖြစ်သောကြောင့် အကယ်၍ ဒေါ်အောင်ဆန်းစုကြည်ကို ပါတီမှထုတ်ပယ်ကာ ဝင်အရွေးခံလျှင် ၂၀၁၀ ရွေးကောက်ပွဲတွင် **NLD** ပါတီ အနိုင်ရမည့် ပုံမျိုးမရှိ" ဟု မိတ္ထီလာမြို့နယ် **NLD** ဥက္ကဋ္ဌ ဒေါက်တာသိန်းလွင်က ပြောသည်။ **(BBC 210310)** [Read More...]
- ဒေါ်အောင်ဆန်းစုကြည်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ တွေ့ဆုံခွင့်ပြုရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နအဖ စစ်အစိုးရထံသို့ ယခုလ ၁၇ ရက်နေ့က ထပ်မံတောင်းဆိုခဲ့ကြောင်း ယနေ့ ထုတ်ဖော်ပြောဆိုလိုက်သည်။ **(Mizzima 220310)** [Read More...]
- နအဖ အစိုးရထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဥပဒေသည် ဒီမိုကရေစီနည်းလမ်းမကျသောကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာ့အရေးနှင့်ပတ်သက်ပြီး အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ၈၈ မျိုးဆက် ကျောင်းသားအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးနှင့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသား သမဂ္ဂများအဖွဲ့ချုပ်တို့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် **Mr. Ban Ki Moon** ကို တောင်းဆိုလိုက်သည်။ **(DVB 220310)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပါတီမှတ်ပုံတင်ရေးကိစ္စနှင့် ရွေးကောက်ပွဲ ဝင်ရေး မဝင်ရေးဆိုသည့် အဆုံး အဖြတ်အတွက် ယခုလ ၂၉ ရက်နေ့တွင် ပြုလုပ်မည့် ပါတီဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက် ယနေ့အစည်း အဝေးတစ်ရပ် ပြုလုပ်ခဲ့ကာ ၎င်းအစည်းအဝေးတွင် အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ဆန္ဒသဘော ထားအတိုင်း ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း ပါတီပြောခွင့်ရ ဦးအုန်းကြိုင်က ပြောသည်။ **(RFA 220310)** [Read More...]
- နအဖစစ်အစိုးရ ထုတ်ပြန်သည့် ရွေးကောက်ပွဲဥပဒေသည် တရားမျှတမှုလုံးဝမရှိသည့်အတွက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **NLD** က စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ယနေ့မတ်လ (၂၃) ရက်တွင် ရန်ကုန်မြို့ တရားရုံး ချုပ်၌ တရားစွဲဆိုလိုက်သည့်အပေါ် နအဖတရားရုံးမှ ပယ်ချလိုက်သည်။ **(NEJ 230310)** [Read More...]
- ယနေ့တွေ့ဆုံမှု၌ ဒေါ်အောင်ဆန်းစုကြည်က သူ့တစ်ဦးတည်း ဆန္ဒအနေဖြင့် ပါတီမှတ်ပုံတင်ရေးကို မစဉ်းစားသော် လည်း ပါတီဗဟိုကော်မတီဝင်များက သူမနှင့် ပါတီဥက္ကဋ္ဌ ဦးအောင်ရွှေအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီ မှတ်ပုံတင်ရေးကိစ္စနှင့် ပတ်သက်၍ အပြီးသတ်ဆုံးဖြတ်ချက်ပေးရန် လုပ်ပိုင်ခွင့်အာဏာများအား ထပ်လောင်း အတည်ပြုပေးအပ်လိုက်ကြောင်း ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ **(Irrawaddy 230310)** [Read More...]
- ကချင်ပြည် တိုးတက်ရေးပါတီ **(KSPP)** သည် လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ဧပြီလဆန်း၌ မှတ်ပုံတင်မည်ဖြစ်ကြောင်း ပါတီဥက္ကဋ္ဌ ဒေါက်တာမနန်တူးဂျာက ပြောဆိုလိုက်သည်။ **(Irrawaddy 230310)** [Read More...]
- ရန်ကုန်တိုင်းမှ အင်းစိန်မြို့နယ်၊ ပဲခူးတိုင်းမှ ၁၉ မြို့နယ်နှင့် မန္တလေးတိုင်းမှ ၄ မြို့နယ်၊ စုစုပေါင်း (၂၄) မြို့နယ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှတ်ပုံတင်မည်ဆိုလျှင် ကန့်ကွက်သွားမည်ဖြစ်ကြောင်းနှင့် "ရွှေဂုံတိုင်ကြေညာ စာတမ်း" ကိုသာဆက်လက်၍ ဆုပ်ကိုင်သွားရန် တိုက်တွန်းကြောင်း မြို့နယ်စည်း တာဝန်ရှိသူများက ပြောသည်။ **(Mizzima 240310)** [Read More...]
- ရွေးကောက်ပွဲဥပဒေထွက်ပေါ်လာပြီးနောက် အဖျက်သိမ်းခံခဲ့ရသည့် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **MNDF** အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲကို လုံးဝမဝင်ကြောင်း ယမန်နေ့ မော်လမြိုင်မြို့တွင် ကျင်းပသောဗဟိုအလုပ်အမှု ဆောင်အစည်းအဝေးတွင် ထပ်မံဆုံးဖြတ်လိုက်သည်။ **(Kaowao 250310)** [Read More...]
- ဒေါ်အောင်ဆန်းစုကြည်၏ ရွေးကောက်ပွဲအပေါ် ထားရှိသောသဘောထားအတိုင်းရပ်တည်၍ ရွှေဂုံတိုင်ကြေညာ စာတမ်းကို ဆက်လက်ကိုင်စွဲသွားမည်ဟု နိုင်ငံတဝန်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** လူငယ်ကိုယ်စား လှယ်များကဆုံးဖြတ်လိုက်သည်။ **(Irrawaddy 260310)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** အနေဖြင့် စစ်အစိုးရထုတ်ပြန်သည့် ပါတီမှတ်ပုံတင်ရေး ဥပဒေအရ ပါတီကိုပြန် လည်မှတ်ပုံတင်ရေး မတင်ရေးအတွက် သဘောထားကွဲပြားမှုများ ဖြစ်ပေါ်နေသော်လည်း အများစုဆန္ဒအတိုင်းသာ



Created with nitroPDF professional
download the free trial online at nitropdf.com/professional

ငြိမ်းငြိမ်းချမ်းချမ်း ဆုံးဖြတ်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေက ပြောသည်။ **(NEJ 260310)** **Read More...**

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ပါတီမှတ်ပုံမတင်ရန်နှင့် ရွေးကောက်ပွဲမဝင်ရန် ၈၈ မျိုးဆက်ကျောင်းသားများ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးတို့က စုပေါင်းတောင်းဆိုလိုက်သည်။ **(DVB 260310)** **Read More...**
- ၆၅ နှစ်မြောက် ဖက်စစ်တော်လှန်ရေးနေ့ အခမ်းအနားတစ်ရပ်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ရုံးချုပ်တွင် ကျင်းပပြုလုပ်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၀ ရွေးကောက်ပွဲအပေါ် သဘောထားများကို အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ရှင်းလင်းတင်ပြခဲ့သည်။ **(DVB 270310)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မကွေးတိုင်းအဖွဲ့ဝင်များက ၂၆ ရက်နေ့တွင် ပြုလုပ်သည့် တိုင်းစည်းရုံးရေးအဖွဲ့ အစည်း အဝေးတွင် ပါတီမှတ်ပုံမတင်သင့်ကြောင်း ဆုံးဖြတ်လိုက်သည်။ **(DVB 270310)** **Read More...**

## (ခ) ပြည်ပအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပါတီမှတ်ပုံတင်နိုင်ရေးကို ဦးစားပေးခြင်းထက် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားအတိုင်း မတရားသည့် ဥပဒေများကို ညီညီညွတ်ညွတ် ဆန့်ကျင်တိုက်ဖျက်သွားရန် ပြည်ပအခြေစိုက် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက တိုက်တွန်းလိုက်သည်။ **(RFA 210310)** **Read More...**
- ၁၉၉၀ ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ တခဲနက်အနိုင်ရခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အနေဖြင့် လက်ရှိရင်ဆိုင်နေရသည့် ပြဿနာသည် မြန်မာနိုင်ငံသားများအားလုံး ရင်ဆိုင်နေရသည့် ပြဿနာ ဟု ခံယူကြောင်း မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု **FDB** က အကြံပြုစာရေးပေးပို့ တိုက်တွန်းလိုက်သည်။ **(RFA 220310)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ၏ ရွေးကောက်ပွဲအပေါ် ရပ်တည်ချက်နှင့် မှတ်ပုံတင်သင့်၊ မတင်သင့် ကိစ္စများအပေါ်တွင် ဘာလုပ်ဆောင်သင့်သည်ကို ကြိုတင်ထုတ်ဖော်ပြောဆိုမည်မဟုတ်ကြောင်း အဝေးရောက် ပြည်ထောင်စုမြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရ **NCGUB** ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက ပြောကြားလိုက်သည်။ **(RFA 220310)** **Read More...**
- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ (၅) ရပ်နှင့် နည်းဥပဒေများကို အင်အားစုအသီးသီးက လုံးဝလက်မခံဘဲ ၂၀၁၀ ရွေး ကောက်ပွဲကို နည်းသဏ္ဍာန်ပေါင်းစုံဖြင့် ဆန့်ကျင်သပိတ်မှောက်သွားမည်ဟု ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်း သားအင်အားစုများ၏ (၂) ရက်ကြာ ကျင်းပခဲ့သည့် မဟာဗျူဟာညှိနှိုင်းဆွေးနွေးပွဲတွင် ဆုံးဖြတ်လိုက်ကြသည်။ **(NEJ 230310)** **Read More...**
- ယနေ့ကျရောက်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း **AAPP-B** ၏ (၁၀) နှစ်ပြည့်အထိမ်း အမှတ်အခမ်းအနားတွင် “နိုင်ငံရေးအကျဉ်းသားများပါဝင်ခွင့်မရှိသည့် ရွေးကောက်ပွဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်မသုံးသပ်သည့် ရွေးကောက်ပွဲ၊ တွေ့ဆုံဆွေးနွေးပွဲ မပါဘဲဖြစ်လာမည့်ရွေးကောက်ပွဲကို အသိအမှတ်မပြုရန်၊ ဒါမှမဟုတ် ရွေးကောက်ပွဲရလဒ်ကို အတည်မပြုရန် နိုင်ငံတကာအစိုးရများကို ကျနော်တို့ တိုက်တွန်းလှုံ့ဆော် သွားမည်” ဟု **AAPP-B** တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်က ပြောသည်။ **(Irrawaddy 230310)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အကျပ်အတည်းကာလတွင် ဥပဒေကြောင်းအရ လုပ်လို့ရသည့်နည်းများအနက် ရွေးကောက်ပွဲဥပဒေများထုတ်ပြန်သည့် အာဏာပိုင်များကို တရားစွဲဆိုမှုနှင့် လူထုအပ်နှင်းသည့်လုပ်ပိုင်ခွင့်နှင့်အညီ အစိုးရတစ်ရပ်ဖွဲ့စည်းမှုတို့ကို တရားဥပဒေအရ ဆောင်ရွက်နိုင်ကြောင်း မြန်မာနိုင်ငံရှေ့နေများကောင်စီ **(BLC)** က ပြောကြားလိုက်သည်။ **(DVB 250310)** **Read More...**
- စစ်အစိုးရ၏ တရားမျှတမှုမရှိသည့် ဥပဒေအောက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ရွေးကောက်ပွဲမှတ်ပုံ မတင်သင့်ကြောင်း ထိုင်းနိုင်ငံအခြေစိုက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ **NLD-LA** က သဘောထား ကြေညာချက်တစ်ရပ်ကို မတ်လ ၂၄ ရက်နေ့က ထုတ်ပြန်လိုက်သည်။ **(RFA 250310)** **Read More...**



Created with nitroPDF professional
download the free trial online at nitropdf.com/professional

- ဒီမိုကရေစီအရေး လှုပ်ရှားသူ ရခိုင်အမျိုးသား ၃၀ ခန့်သည် ယနေ့နံနက်က ဒက္ကားမြို့ မြန်မာသံရုံးရှေ့တွင် ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သည့် ဆန္ဒပြမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ **(Narinjara 270310)** [Read More...]

## အပစ်ရပ်အဖွဲ့အစည်းများ

### နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- စစ်အစိုးရအား မူလတောင်းဆိုထားသည့် အချက် ၉ ချက်အတိုင်း ပုံသေမသွားဘဲ အလျှော့အတင်းပြုလုပ်၍ အကြေအလည်ဆွေးနွေးကြရန် တရုတ်တိုက်တွန်းချက်ကို ဝတပ်ဖွဲ့ဘက်က လက်မခံနိုင်ဟု ပြန်လည်တုန့်ပြန်ခဲ့ကြောင်း ဝ ခေါင်းဆောင်များနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 220310)** [Read More...]
- ၃၆ ကြိမ်မြောက် **KBC** ပွဲတော်ကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကချင်နှစ်ခြင်းခရစ်ယန် အသင်းတော် ခေါင်းဆောင်များမှ **KIO** ကို နယ်ခြားစောင့်တပ်လက်ခံဖို့ တိုက်တွန်းပေးရန် ယခုလ ၇ ရက်နေ့က ဗန်းမော် အခြေစိုက် စကခ ၂၁ ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်စိုးဝင်းမှ ညွှန်ကြားလိုက်သည်။ **(KNG 220310)** [Read More...]
- လွန်ခဲ့သည့် တစ်ပတ်ကျော်က **KIA** စစ်သား ၈ ဦးခန့် အဖမ်းခံရသည့် ကိစ္စအပေါ် **KIO/KIA** ခေါင်းဆောင်များက ယခုချိန်ထိ တစုံတရာတုံ့ပြန်လုပ်ဆောင်ခြင်းမပြုဘဲ ဆိတ်ငြိမ်နေမှုကို ကချင်ပြည်သူအချို့မှ မကျေမနပ်ဖြစ်နေကြသည်။ **(KNG 220310)** [Read More...]
- ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **(UWSA)** ထိန်းချုပ်ရာ ရှမ်းပြည် အထူးဒေသ (၂) အတွင်းရှိ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဝန်ကြီးဌာန နတလ လက်အောက်ခံ ဝန်ထမ်းများသည် ယနေ့တွင် ၎င်းဒေသမှ ထွက်ခွာသွားကြပြီဟု ဝဒေသသတင်းရပ်ကွက်မှ ဆိုသည်။ **(DVB 230310)** [Read More...]
- နအဖစစ်တပ်နှင့် သျှမ်းပြည်မြောက်ပိုင်းရှိ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်တို့အကြား စစ်ရေးတင်းမာမှုဖြစ်ပေါ်နေချိန်တွင် ဝဌာနချုပ်ရှိရာ ပန်ဆန်းနယ်တဝိုက်မှ အသက်အရွယ်ကြီးရင့်သူ အများစုပါဝင်သည့် ဝ အရပ်သား ၃၀၀ ခန့်က ဝတပ်ဖွဲ့နယ်မြေမြောက်ပိုင်း နအဖစစ်တပ်ထိန်းချုပ်ရာ နမ့်တစ်၊ ဟိုပန်၊ ချင်းရွှေဟော် နယ်ခြားဒေသသို့ ယခုအပတ်အတွင်း ပြောင်းရွှေ့နေကြောင်း ချင်းရွှေဟော်ဒေသခံ ကုန်သယ်တစ်ဦးက ပြောသည်။ **(S.H.A.N 240310)** [Read More...]
- ပန်ဆန်းနှင့် အခြား ဝ ပြည်နယ်မြို့များရှိ ဝန်ထမ်းနှင့် **NGOs, UN** လုပ်သားများကို နအဖ အာဏာပိုင်များမှ ၂–၃ ရက်အတွင်း နေရပ်သို့ပြန်ရန် ညွှန်ကြားသည့်ကိစ္စအပေါ် ကျီးလန့်စာစားတုံလှုပ်ခြောက်ခြားမှုမရှိကြရန် ဝ ဒေသခံအာဏာပိုင်များက ပန်ဆန်းလူထုအား ရှင်းလင်းဟောပြောခဲ့သည်ဟု မြောက်ပိုင်း ဝ နယ် ဒေသခံတစ်ဦးက ပြောသည်။ **(S.H.A.N 260310)** [Read More...]

### နယ်ခြားစောင့်တပ် အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ရှမ်းပြည်အရှေ့ပိုင်း၊ ကိုးကန့်ဒေသအတွင်း မကြာသေးခင်က ဖြစ်ပေါ်ခဲ့သည့် ဗုံးပေါက်ကွဲမှု၊ သေနတ်ပစ်ခတ်မှုစသည့် ဒေသမတည်မငြိမ်မှုများ ပြုလုပ်နေသည့် အကြမ်းဖက်သမားများ တရုတ်–မြန်မာနှစ်နိုင်ငံနယ်စပ်တလျှောက်တွင် သွားလာလှုပ်ရှားနေသဖြင့် ၎င်းတို့အား ဖော်ထုတ်ဖမ်းဆီးနိုင်ရန် တရုတ်အာဏာပိုင်များထံ မြန်မာဘက်က အကူအညီတောင်းခံထားသည်။ **(NEJ 220310)** [Read More...]
- ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ကလလတ အတွင်းရေးမှူး ဦးရွှေဝါက "ပါတီ ထောင်မယ်ဆိုတာကို ဆုံးဖြတ်ထားတယ်၊ ပါတီကတော့ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး ပါတီပဲ၊ နာမည်မပြောင်းဘူး ပါတီအလံကလည်း မပြောင်းဘူး" ဟု ပြောသည်။ **(Irrawaddy 240310)** [Read More...]



Created with nitroPDF professional
download the free trial online at nitropdf.com/professional

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- ၂၀၁၀ ရွေးကောက်ပွဲတွင် အားလုံးပါဝင်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးလိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း ယခုချိန်အထိ ဖြစ်မလာသည့်အပေါ် စိတ်ပျက်မိကြောင်းနှင့် စစ်အစိုးရအနေဖြင့် လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်ကြောင်း သက်သေပြရန် အခွင့်အလမ်းတစ်ရပ်ဆုံးရှုံးရကြောင်း ထိုင်းနှင့်မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး **Mr. Ron Hoffmann** က ပြောဆိုလိုက်သည်။ **(VOA 220310)** Read More...
- မြန်မာနိုင်ငံတွင် ကျင်းပမည်ဆိုသည့် ရွေးကောက်ပွဲနောက်ပိုင်းဖြစ်လာမည့် မတည်ငြိမ်မှုများသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လာမည့်ကိစ္စဖြစ်လာလိမ့်မည်ဟု ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်က ပြောကြားလိုက်သည်။ **(VOA 250310)** Read More...
- မြန်မာနိုင်ငံဆိုင်ရာ တောင်ကိုရီးယား သံအရာရှိနှင့် ပြင်သစ်သံအရာရှိတို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်တွင် ပါတီ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်းတို့ကို ယနေ့ လာရောက်တွေ့ဆုံခဲ့ရာ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအပေါ် အဖွဲ့ချုပ်၏ နောက်ဆုံးရပ်တည်ချက်ကို မေးမြန်းခဲ့သည်။ **(RFA 240310)** Read More...
- မြန်မာနိုင်ငံတွင် စစ်မှန်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ပေါ်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနှင့် စိတ်ဝင်စားမှုရှိကြောင်း ပြသရန်အတွက် လုံခြုံရေးကောင်စီအစည်းအဝေးပွဲ ခေါ်ယူကျင်းပပေးရန် ဗြိတိန်နှင့်ပြင်သစ်နိုင်ငံတို့က ဦးဆောင်တောင်းဆိုခဲ့ကြသည့်အတွက် မြန်မာ့အရေးကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးသင့်မသင့် ယနေ့အလွတ်သဘော တွေ့ဆုံဆွေးနွေးကြရန်ရှိသည်။ **(VOA 240310)** Read More...
- မြန်မာစစ်အုပ်စုကို ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု တိုးမြှင့်လုပ်ဆောင်သွားရန် ဥရောပသမဂ္ဂအပါအဝင် မိမိတို့အစိုးရကို တင်ပြတောင်းဆိုသွားမည်ဟု ထိုင်း-မြန်မာနယ်စပ်သို့ရောက်ရှိနေသည့် ဘယ်လ်ဂျီယံနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ် (၂) ဦးက ပြောကြားလိုက်သည်။ **(NEJ 250310)** Read More...
- စစ်အစိုးရက ပြုလုပ်မည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စများအပါအဝင် မြန်မာ့နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ မတ်လ (၂၄) ရက်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ တံခါးပိတ်အစည်းအဝေးတစ်ရပ် ပြုလုပ်ဆွေးနွေးခဲ့ကြသည်။ **(NEJ 250310)** Read More...
- မြန်မာစစ်အစိုးရက ကျင်းပမည်ဟု ကြေညာထားသည့် ရွေးကောက်ပွဲသည် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သက်ဆိုင်သူများအားလုံးကို ပါဝင်ခွင့်ပေးရန်နှင့် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲများ ဖြစ်နိုင်မည့် အခြေအနေများကို ဖန်တီးပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် **(Mr. Ban Ki-moon)** က မြန်မာစစ်အစိုးရကို တိုက်တွန်းလိုက်သည်။ **(VOA 260310)** Read More...
- အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်၌ ကျင်းပသော "မြန်မာ့အရေး မိတ်ဆွေနိုင်ငံများ" ၏ ယမန်နေ့အစည်းအဝေးအပြီးတွင် စစ်အစိုးရအနေဖြင့် လာမည့်ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးအကျဉ်းသားများ အားလုံးလွှတ်ပေးရမည်ဟု သဘောထားထုတ်ပြန်လိုက်သည်။ **(Mizzima 260310)** Read More...
- မြန်မာစစ်အစိုးရအနေနှင့် ဒေါ်အောင်ဆန်းစုကြည်ပါဝင်ခွင့်ရှိသည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပေးရန် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမြင့်ကို ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကက်ဆုယအိုကာဒါက ဆင့်ခေါ်ပြောကြားလိုက်သည်။ **(RFA 260310)** Read More...
- အမေရိကန်အစိုးရ၏ မြန်မာပြည်ဆိုင်ရာမူဝါဒ အပြောင်းအလဲရှိလာပါက စစ်ဘက်ဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခြင်းဖြင့် မြန်မာစစ်အစိုးရနှင့် ညှိနှိုင်းလိုကြောင်း အမေရိကန်ပစိဖိတ်ဒေသရေတပ်ဗိုလ်ချုပ် **Robert Willard** က အမေရိကန်လွှတ်တော်အမတ်များကို ပြောကြားလိုက်သည်။ **(Irrawaddy 270310)** Read More...



Created with nitroPDF professional
download the free trial online at nitropdf.com/professional

## အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- မြန်မာ့အရေး စောင့်ကြည့်လေ့လာသူ မြန်မာနှင့် နိုင်ငံခြားသားများက မြန်မာပြည်တွင်းနိုင်ငံရေးဖြစ်ထွန်းမှု အခြေအနေနှင့် နိုင်ငံတကာတုံ့ပြန်မှုများဆိုင်ရာ နီးနှောဖလှယ်ပွဲတစ်ရပ်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ချူလာလောင်ကွန်း တက္ကသိုလ်တွင် ယနေ့ပြုလုပ်ကြသည်။ **(Mizzima 220310)** **Read More...**
- မြန်မာနိုင်ငံရေးနှင့်ပတ်သက်၍ ကမ္ဘာ့အင်အားကြီး စက်မှုထိပ်သီး ၈ နိုင်ငံ **G8** ၏ ဖွန်လထိပ်သီးညီလာခံတွင် တရားဝင် ထည့်သွင်းဆွေးနွေးရန် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ **(HRW)** က တောင်းဆိုလိုက်သည်။ **(RFA 260310)** **Read More...**

## အခြားအင်အားစုများ

- ရွေးကောက်ပွဲ ဝင်မည်ဟုကြေညာထားသည့် အဖွဲ့ ၂ ဖွဲ့ဖြစ်သည့် ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ (ပြည်ထောင်စု မြန်မာနိုင်ငံ)နှင့် အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် (ပြည်ထောင်စု မြန်မာနိုင်ငံ) တို့က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရန် ရွေးကောက်ပွဲကော်မရှင်သို့ ယနေ့ လျှောက်လွှာတင်လိုက်ကြသည်။ **(Irrawaddy 220310)** **Read More...**
- ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မှတ်ပုံတင်ကြေးကြီးမြင့်ကြောင်း ဝေဖန်နေကြသော်လည်း ဧပြီလအတွင်း နိုင်ငံရေးပါတီ ၂၀ ထက်မနည်း မှတ်ပုံတင်မည်ဟု ရွေးကောက်ပွဲကော်မရှင်နှင့် နီးစပ်သော အသိုင်းအဝိုင်းက ပြောသည်။ **(Irrawaddy 240310)** **Read More...**
- ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားအင်အားစု (ရခိုင်ပြည်နယ်) ဟု ယာယီအမည်ပေးထားသည့် ပါတီသည် ရခိုင်ပြည်နယ်တွင် အဓိကယှဉ်ပြိုင်ရန်နှင့် မှတ်ပုံတင်ရန် ပြင်ဆင်နေကြောင်း ပါတီဥက္ကဌ ဦးအေးကြိုင်က ပြောသည်။ **(Irrawaddy 240310)** **Read More...**
- ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ ကျောင်းသားခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ ကိုဖြိုးမင်းသိန်းက ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေရာ အသစ်ထူထောင်မည့် ပါတီကို "လူထုဒီမိုကရေစီပါတီ" ဟု အမည်ပေးထားကြောင်း ၎င်းကပြောသည်။ **(Mizzima 250310)** **Read More...**

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေးစာရွက်စာတမ်းများ လက်ဝယ်တွေ့ရှိ၍ နအဖအာဏာပိုင်များ ဖမ်းဆီးသွားသည့် မွန်ရဟန်းပျို အရှင်ဥက္ကံသ ခေါ် ဦးဇင်းဇော်လတ်ကို မွန်ပြည်နယ်မှ ရန်ကုန်မြို့သို့ ပို့ဆောင်လိုက်ပြီးနောက် သတင်းအစအန ပျောက်နေရာမှ ယခုအခါ အင်းစိန်ထောင်အတွင်း၌ ထိန်းသိမ်းထားကြောင်း အင်းစိန်ထောင်ဝန်ထမ်းတစ်ဦး ထံမှတဆင့် မိသားစုဝင်များက သိရသည်။ **(NEJ 230310)** **Read More...**
- စစ်အစိုးရက ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်နေချိန်တွင် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၏ အသင်းဖွဲ့စည်းပုံ စည်းမျဉ်း အပိုဒ် ၂ (င) တွင်ပါရှိသော ပါတီနိုင်ငံရေးအဖွဲ့အစည်းတွင် ပါဝင်ခြင်းမရှိစေရဆိုသည့် စာသားကို ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ယင်းအသင်းဥက္ကဋ္ဌဖြစ်သူ ဇေကမ္ဘာကုမ္ပဏီပိုင်ရှင် ဒေါက်တာခင်ရွှေကဆိုသည်။ **(Irrawaddy 230310)** **Read More...**
- ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ စုပေါင်း၍ မြန်မာပြည်တွင်းတွင် လူမှုရေးကိစ္စများကိုစွမ်းစွမ်းတမံ လုပ်ကိုင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများလူပုဂ္ဂိုလ်များကို နှစ်စဉ်ရွေးချယ်ကာ ဆုချီးမြှင့်ဂုဏ်ပြုမည့်အစီအစဉ်တစ်ရပ် ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စုရောက် မြန်မာများ စတင်နေပြီဖြစ်သည်။ **(RFA 240310)** **Read More...**



Created with nitroPDF professional
download the free trial online at nitropdf.com/professional

- ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် သခင်ချန်ထွန်း၊ သခင်သိန်းဖေစသည့် ဝါရင့်နိုင်ငံရေးသမားကြီးများက ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရန် အားလုံးပါဝင်ခွင့်ရရေးအတွက် တင်းကြပ်သည့် ၂၀၁၀ ရွေးကောက်ပွဲဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် နအဖ အစိုးရကို တောင်းဆိုလိုက်သည်။ **(DVB 270310)** Read More...

## မီဒီယာများ

- အချိန်အတော်ကြာအောင် ပြည်တွင်းမီဒီယာများတွင် ဖော်ပြခွင့်မရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သတင်းများကို မတ်လ ၂၃ ရက်နေ့ထုတ် **ENVOY JOURNAL** မျက်နှာဖုံးနှင့် ရန်ကုန်တိုင်း(မ်) ဂျာနယ်အတွင်း စာမျက်နှာများ၌ ဖော်ပြလာမှုများ တွေ့ရသည်။ **(DVB 240310)** Read More...

***End of report/ Saturday, March 27, 2010***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***



Created with nitroPDF professional
download the free trial online at nitropdf.com/professional